ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၃ ၊ အမှတ် ၅ | ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁ ရက်

## (၂၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနား ကျင်းပခြင်း



(၂၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနားအား ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၂၆) ရက်နေ့ နံနက် (၀၉:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း နှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်တို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ဝန်ထမ်းကျင့်ဝတ် ဂုဏ်ပြုဆုရရှိသူများ ၊ (၅) ကြိမ်နှင့်အထက် သွေးလှူဒါန်း ဂုဏ်ပြုဆုရရှိသူများ ၊ ဌာနခွဲအလိုက် ဝန်ထမ်းစွမ်းဆောင်ရည်ဆု နှင့် လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသူများ ၊ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများတွင် အားကစား ထူးချွန်ဆုရရှိသူများအား ညွှန်ကြားရေးမှူးချုပ် နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်း / အမှုထမ်းများနှင့် ဂုဏ်ပြုဆု ရရှိသူများတက်ရောက်ခဲ့ကြပါသည်။

# ကမ္ဘာ့ဘဏ် (World Bank) မှ ကျင်းပပြုလုပ်သည့် အကောက်ခွန်အဆင့်မြင့် အရာရှိများအတွက် ခေါင်းဆောင်မှုဆိုင်ရာ (Customs Executive Leadership Training Course) တတိယအကြိမ် သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း



ကမ္ဘာ့ဘဏ် (World Bank) မှ ကျင်းပပြုလုပ်သည့် အကောက်ခွန် အဆင့်မြင့်အရာရှိများအတွက် ခေါင်းဆောင်မှုဆိုင်ရာသင်တန်း (Customs Executive Leadership Training Course) တတိယအကြိမ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၈) ရက်နေ့ နံနက် (၈:၃၀) နာရီအချိန်တွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်မှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းအား အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ ၊ စုစုပေါင်းသင်တန်းသား (၂၂) ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ (၈-၁-၂၀၁၈) ရက်နေ့မှ (၁၂-၁-၂၀၁၇) ရက်နေ့ထိ (၅) ရက်ကြာမြင့်ခဲ့ပါသည်။

# (၂၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် သွေးလှူဒါန်းပွဲ ကျင်းပခြင်း




၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် ကျရောက်သော(၂၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် အကောက်ခွန်ဦးစီးဌာန မိသားစု၏ (၃၇) ကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲ အခမ်းအနားကို ၁၂-၁-၂၀၁၈ ရက်နေ့ ၊ နံနက် (၁၀:၀၀) နာရီတွင် ရန်ကုန်မြို့ ၊ ဦးဝိစာရ လမ်းရှိ အမှတ် (၂) တပ်မတော်ဆေးရုံ ကုတင် (၅၀၀) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဆွေ ဦးဆောင်၍ ဝန်ထမ်းများ နှင့် မိသားစုဝင်များ ၊ စုစုပေါင်း (၇၅) ဦးတို့မှ စုပေါင်းသွေးလှူဒါန်းခဲ့ကြပါသည်။

# (၂၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းကျင့်ဝတ်စာမေးပွဲ ကျင်းပခြင်း




၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် ကျရောက်သော (၂၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းကျင့်ဝတ်စာမေးပွဲ ဖြေဆိုခြင်းအား အကောက်ခွန်ဦးစီးဌာန၊ သင်တန်းကျောင်းခန်းမတွင် ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၁၀) ရက်နေ့ ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆင့်စုံမှ ဝန်ထမ်း စုစုပေါင်း (၁၂၅) ဦး ပါဝင်ဖြေဆိုခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၆၇၉.၉၂၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၄၆၃) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၆၇၉.၉၂၁) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်







လေဆိပ်တားဆီးမှု အနေဖြင့် တားဆီးမှု (၅) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၂၇.၇၁၈) သန်းခန့် ရှိသည့်အနက် ၂၄-၁-၂၀၁၈ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်)၌ FD-255 ဖြင့် ဘန်ကောက် မှ ရန်ကုန်သို့ ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားခရီးသည် ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော 3-Axis Handheld/Aerid Stabllizer, Model # Ronia ,C/O China (1) Nos နှင့် Heden Carai Coople Set, Model # Ronia, C/O China (1) Nos ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၈.၀၁၈) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၆၇၉.၉၂၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း





ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၃) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၅၉.၀၅၁) သန်းခန့်ရှိသည့် အနက် ၁၀-၁-၂၀၁၈ ရက်နေ့တွင် HPT ဆိပ်ကမ်း၌ Peace Lily Co., Ltd မှ တင်သွင်းလာသော Recond: Wheel Loader , Brand Name- John Deere, Mdl-2002, C/O-USA (1) U နှင့် Recond: Wheel Loader , Brand Name- John Deere, Mdl-2003, C/O-USA (1) U တို့အား ပိုင်ရှင်မှ စွန့်လွှတ်ကြောင်းလျှောက်ထားလာသဖြင့် ညွှန်ကြားရေးမှူး (ထုတ်/သွင်း) ၏ မိန့်မှတ်ချက်အရ ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၂.၉) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၆၇၉.၉၂၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း






နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၄၅၅) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၂၄၉၃.၁၅၂) သန်းခန့်ရှိသည့်အနက် ၂-၁-၂၀၁၈ ရက်နေ့တွင် (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ မူဆယ်သို့သွားရောက်မည့် Nissan အမျိုးအစား (၁၂) ဘီးယာဉ်အား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စပါး (1 x 40 kg) (360) Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ခန့်မှန်းတန်ဖိုးကျပ် (၃၂.၈၈၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၆၇၉.၉၂၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၅-၁-၂၀၁၈ ရက်နေ့တွင် မန္တလေးမြို့ နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှု များဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ် (၁) စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏ကြမ်းခင်း အောက်ဘက်တွင် အံ့ဝှက်ပြုလုပ်၍ သိုဝှက် သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး အရွယ်စုံ (၇၃) တုံး၊ (၁၂၇၇) ကီလိုဂရမ်၊ သတ္တုမှုန့်ဟုယူဆရသော အမှုန့် (၅၀) ကီလိုဂရမ် (၂၅)အိတ်၊ အမဲသားခြောက် (၂၅၀) ပိဿာနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၂၀.၁၀၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၆၇၉.၉၂၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၅-၁-၂၀၁၈ ရက်နေ့တွင် မူဆယ်နှင့် မန္တလေးမြို့များ သို့သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် (၁) စီး နှင့် မိုင်တိုင်အမှတ် (၁၉၅) မိုင် ၊ မိုင်းလီကျေးရွာအနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော ခရီးသည်တင်ယာဉ် (၂) စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ဓါးရွှေ ၊ ပိတောက်သစ်လုံး ၊ ပိတောက်ခွဲသား အပိုင်းအစ (၁၆၅) တုံး (၂.၉၄၉၄) တန် နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၃) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၈၈.၅၆၉) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၆၇၉.၉၂၁) သိန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၃-၁-၂၀၁၈ ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဖြတ်သန်းမည့် (၁၂) ဘီး၊ Hino ယာဉ်အား စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Sugar (1x50) kg 100 Bags၊ တရားမဝင် ကန့်သတ်ကုန်ပစ္စည်း များဖြစ်သော PSI စလောင်းဗန်း (100) U၊ PSI ဒေါက်တိုင် (100) U၊ PSI ထိပ်ဖူး (100) U ၊ PSI အထိုင်စက် (100) U နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၇.၈၀၀) သိန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဇန်နဝါရီလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၉ မှု | ၉ မှု | ၁၉.၄၈၆ သန်း |
| | စုစုပေါင်း | - | ၉ မှု | ၉ မှု | ၁၉.၄၈၆ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၇) ရက်နေ့ မှ (၃၁-၁-၂၀၁၈) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၂၂၆) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၃၇၇၂.၃၀၈၀) သန်းခန့်အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်ပစ္စည်းများအား လေလံစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လူသုံးကုန်ပစ္စည်းများအား (၁၈-၁-၂၀၁၈) ရက်နေ့ နံနက် (၁၀:၃၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၌ ညွှန်ကြားရေးမှူး ဦးနေလင်း မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၅) စု အား လေလံတင်ရောင်းချခဲ့ရာ နိုင်ငံတော်ဘဏ္ဍာငွေ စုစုပေါင်းကျပ် (၃၅၅.၄) သန်းရရှိခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် အများပြည်သူ စားသုံးရန် နှင့် သုံးစွဲရန် မသင့်သော စားသောက်ကုန်များ ၊ ဆေးဝါးများ နှင့် အရက်မျိုးစုံ ဖျက်ဆီးခြင်း






အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲတွင် အများပြည်သူ စားသုံးရန် နှင့် သုံးစွဲရန်မသင့်သော စားသောက်ကုန်များ၊ သက်တမ်းလွန်ဆေးဝါးများ ၊ အရက်များ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၉၅.၅၀၄) သန်းခန့်အား (၁၆-၁-၂၀၁၈) ရက်နေ့တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးနေလင်း ဥက္ကဋ္ဌ အဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Fish Amino Acid များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 2922.49.00 ဖြစ်ပြီး အကောက်ခွန် 3% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါ သည်။







Air Conditioning Machine များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8415.10.90 ဖြစ်ပြီး အကောက်ခွန် 10% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါ သည်။

Acid များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို မေးမြန်းရာ သွင်းကုန်လိုင်စင်လိုအပ်ကြောင်းနှင့် အခြားသက်ဆိုင်ရာ ဌာနများ၏ ထောက်ခံချက်လိုအပ်ကြောင်း ဖြေကြားခဲ့ပါ သည်။






လေယာဉ် ဆီနှင့် လေယာဉ်ဆီ တွဲဖက်သုံး Chemical အား Sample အဖြစ် တင်သွင်းလိုပါသဖြင့် မည်သည့်အထောက်အထားလိုအပ်ကြောင်း မေးမြန်းရာ လိုင်စင်လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်လိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Dry Chillies များ တင်သွင်းလိုပါသဖြင့် Hs Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 0904.21.10 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။







နေကြာဆီများ တင်သွင်းလိုပါသဖြင့် Hs Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 1512.19.20 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

သဘော်ဆေးများ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/ မလို ၊ Hs Code နှင့် Duty Rate အား မေးမြန်းရာ လိုင်စင် မလိုအပ်ကြောင်း ၊ HS Code မှာ 3209.90.00 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။






မော်တော်ယာဉ်များအား ညာမောင်း တင်သွင်းခွင့်နှင့် သက်တမ်းတိုးခွင့်ရှိ/မ/ရှိ လာရောက်မေးမြန်းခဲ့ရာ တင်သွင်းခွင့် နှင့် သက်တမ်းတိုးခွင့်မရှိကြောင်း ဖြေကြားခဲ့ပါသည်။